## ၁၀။မွှားနီ

**Tea Red Spider Mite: *Oligonychus coffeae* (Nietner, 1861)**

**Acariformes : Tetranychidae**

### ဖျက်ကောင်ပုံသဏ္ဍာန်များ



အရွယ်ရောက်အကောင်ကြီးသည်မျက်စိဖြင့်မြင်နိုင်သည်။ခန္ဓာကိုယ်အရောင်မှာလိမ္မော်နီမှ နီညိုရင့်ရှိပြီးအနက်ရောင်အစက်အပြောက်များရှိသည်။အမသည်ဘဲဥပုံရှိပြီးဝမ်းဗိုက်အစွန်းပိုင်းမှာလုံးသည်။အထီးသည်သွယ်လျပြီးဝမ်းဗိုက်အစွန်းရှူးသည်။ပိုးမသည် ဘဝတွင် ခြေထောက်(၄)ချောင်းသာပါ၍လောက်ကောင်အဆင့်သည်လုံးဝန်းပြီး လိမ္မော်ရောင်ရှိ၍ ခြေထောက်(၆)ချောင်းပါရှိသည်။

### ဖျက်ဆီးပုံလက္ခဏာများ




အရွက်၏အပေါ်ယံအလွှာအားဖောက်၍ဖျက်ဆီးကာထွက်လာသောပင်ရည်နှင့်တံတွေးရော၍စုပ်ယူစားသောက်သောကြောင့်အရွက်ပေါ်တွင်ဖောက်ရာများစွာတွေ့ရသည်။ဆိုးဝါးစွာကျရောက်ပါကအနီရောင်အပေါက်များစွာထင်ရှားစွာတွေ့ရသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | – ( ၃ ) ရက် |
| လောက်ကောင် အဆင့် | – ( ၁ ) ရက် |
| ပိုးမမည်အဆင့် | – (၈) ရက် |
| အကောင်ကြီး အဆင့် | – ( ၁၁ ) ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)ပုံမှန်ကိုင်းချိုင်ပါ။

(၂)ရေလုံလောက်အောင်သွင်းပေးပါ။ရေအဝပ်ပါစေနှင့်။

(၃)အရိပ်ရအပင်များတွဲဖက်စိုက်ပျိုးပါ။ (ခြုံပုတ်ပုံစံအပင်များသင့်တော်သည်)

(၄)ယူရီးယား၊ ပိုတတ်ရှ်ခါတ်မြေဩဇာများအားမျှတသောနှုန်းထားထည့်သွင်းပါ။

(၅)စိုက်ခင်းပတ်ဝန်းကျင်တွင်ပေါင်းမြက်များသန့်ရှင်းပါ။

(၆)ပိုးသတ်ဆေးယဉ်ပါးမှုဖြစ်တတ်၍သဘာဝပိုးသတ်ဆေးများအသုံးပြုပါ။

(တမာ၊ဆေးရွက်ကြီး)

(၇)အလွန်ဆိုးရွားစွာ ကျရောက်ပါက ပင်လုံးပြန့် အာနိသင်ရှိပိုးသတ်ဆေး တစ်မျိုးမျိုးကို ဆေးအညွှန်းအ တိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဒိုင်နိုတီဖျူရမ် (Dinotefuran)
- စပီရိုတတ်ထရာမက် (Spirotetramat)
- အဆီတာမီပရစ် (Acetamiprid)
- အဘာမက်တင် (Abamectin)